# မိခင်နို့ ချိုတိုက်ကျွေးခြင်းနှင့် ကလေးသူငယ်စောင့်ရှောက်ရေး

## *ကလေးသူငယ်စောင့်ရှောက်ရေး ဝန်ဆောင်မှုပေးသူများနှင့်ဆိုင်သော အရေးကြီးအချက်အလက်များ*

### သင့်၏ အားပေး ထောက်ခံမှုသည် ကလေးငယ်တစ်ဦး စောင့်ရှောက်မှုကိုစတင်ခံယူစဉ် ၄င်းကလေးငယ်အား မိခင်နို့ ချို ဆက်လက်တိုက်ကျွေးလိုသော မိခင်တစ်ဦးအဖို့ ထူးခြားမှုကြီးတစ်ခု ဖြစ်စေနိုင်ပါသည်။

ယင်းမိခင်က ၄င်း၏ကလေးအား မိခင်နို့ တိုက်ကျွေးရန် ကြိုးပမ်းရာတွင် သင် သူမကို အားပေးနေကြောင်း သိရှိပါက သူမကို မိခင်နို့ ချိုဆက်လက်တိုက်ကျွေးရန် သင်ကူညီရာ ရောက်ပါသည်။

ကလေးသူငယ်စောင့်ရှောက်ရေးဝန်ဆောင်မှုပေးသူတစ်ဦး အနေဖြင့် မိခင်နို့ တိုက်ကျွေးနေသော မိခင်များကို သင်မမျှမတ မဆက်ဆံရပါ။ မိခင်နို့ ချိုတိုက်ကျွေးခွင့်ကို ACT မမျှမတဆက်ဆံရေး အက်ဥပဒေ 1991 အရ အကာအကွယ်ပေးထားသည်။ နေ့ ဘက်စောင့်ရှောက်ရေး၊ လိုအပ်သည့်အချိန် စောင့်ရှောက်ရေး၊ စောင့်ရှောက်ပေးသူအိမ်တွင် ထားရှိစောင်ရှောက်ရေး၊ သို့မဟုတ် အိမ်တိုင်ရာရောက်စောင့်ရှောက်ရေး တို့ အပါအဝင် ကလေးသူငယ်စောင့်ရှောက်ရေးဝန်ဆောင်မှု ထောက်ပံ့သူတိုင်းသည် ယင်းသတ်မှတ်ချက်ကို လိုက်နာရန် အကျုံးဝင်သည်။ ဝန်ဆောင်မှုပေးခြင်းသည် အမြတ်အစွန်းအတွက် မရည်ရွယ်သော ဝန်ဆောင် မှုဖြစ်လျှင်သော်လည်းကောင်း၊ အမြတ်အစွန်းအတွက် ရည်ရွယ်သော ဝန်ဆောင် မှုဖြစ်လျှင်သော်လည်းကောင်း လိုက်နာရမည်ဖြစ်သည်။

### နောက်ထပ်အကူအအညီ သင်လိုအပ်ပါက -

ဩစတြေးလျ မိခင်နို့ ချိုတိုက်ကျွေးရေး အဖွဲ့အစည်းမှ အောက်ပါအမည်ရှိ လက်ကမ်းစားစောင်ကို သင် ဒေါင်းလုတ်ဆွဲယူနိုင်ပါသည် - www.breastfeeding.asn.au မှတဆင့် "A Caregiver's Guide to the Breastfed Baby" ။

ဤလက်ကမ်းစားစောင်တွင် ညှစ်ထုတ်ထားသော မိခင်နို့ ချိုများကို မည်ကဲ့သို့ သိုလှောင်၊ကိုင်တွယ်ပြီး ကလေးငယ်များကို တိုက်ကျွေးရမည် ဆိုသည်များကို ရှင်းပြထားသည်။ဩစတြေးလျ မိခင်နို့ ချိုတိုက်ကျွေးရေး အဖွဲ့အစည်းတွင် မိခင်များနှင့် ကလေးစောင့်ရှောက်သူများအား ၄င်းတို့ သိလိုသမျှကို ကူညီဖြေကြားပေးနိုင်သော မိခင်နို့ ချိုတိုက်ကျွေးရေး အကြံပေးများရှိပြီး မိခင်နို့ ချိုတိုက်ကျွေးခြင်းနှင့် စပ်လျဉ်းသည့် ခေါင်းစဉ်အမျိုးမျိုးအတွက် အချက်အလက်များပါရှိသော ဝက်ဘ်ဆိုက်တစ်ခုလည်းရှိသည်။



### အကယ်၍ အောက်ပါတို့ ကို သင်ကျူးလွန်ပါက ဥပဒေကို ချိုးဖောက်ရာကျပါလိမ့်မည် -

- ကလေးငယ်သည် မိခင်နို့ ကို သောက်သုံးနေသည့်အတွက် ကလေးငယ်အားစောင့်ရှောက်ပေးရန် နေရာတစ်ခုကို လျှောက်ထားခြင်းအား ငြင်းပယ်ခြင်း သို့ မဟုတ် နေရာမပေးခြင်း
- ကလေးငယ်က စောင့်ရှောက်မှုကို စတင်ခံယူစဉ် ၄င်း၏မိခင်အား မိခင်နို့ ဆက်လက်တိုက်ကျွေးခြင်းမပြုရန် အဟန့်အတားပြုခြင်း
- သင့်နေရာ ပရဝဏ်တွင် မိခင်တစ်ခုအား မိခင်နို့ချိုတိုက်ကျွေးခွင့်မပြုခြင်း သို့ မဟုတ် နို့ညှစ်ခွင့်မပြုခြင်း
- ကလေးငယ်အား ယင်းမိခင်၏ ညှစ်ထုတ်ထားသော နို့ ကိုတိုက်ကျွေးရန် ငြင်းဆန်ခြင်း သို့ မဟုတ်
- ကလေးငယ်နှင့် မိဘတို့ သည် သင့်စောင့်ရှောက်မှုအောက်တွင် ရှိနေစဉ် မိခင်မှ ကလေးအား မိခင်နို့ ဆက်လက် တိုက်ကျွေးရန် ခက်ခဲအောင် ပြုလုပ်ခြင်း

### သင့်ဝန်ဆောင်မှုအား "မိခင်နို့ တိုက်ကျွေးခြင်းနှင့် ဆန့် ကျင်ဘက်မဖြစ်စေသည့်" အကြံပြုချက်အချို့

- မိဘများအား ဦးစွာပထမ သင် မိခင်
- နို့ ချိုတိုက်ကျွေးခြင်းကို အားပေးကြောင်း ပြောပါ။
- မိခင်နို့ ချိုတိုက်ကျွေး သို့ မဟုတ် ညှစ်ထုတ်လိုသော မိခင်များအတွက် သင့်စောင့်ရှောက်ရေးနေရာ သို့ မဟုတ် ဂေဟာတွင် သက်တောင့်သက်သာဖြစ်စေမည့် နေရာတစ်ခုရှိပါစေ။
- သူမရဲ့ကလေးအတွက် မိခင်နို့ ချိုချန်ထားလိုသော မိခင်အား အကောင်းမြင်ပေးပါ။

### သင့်ဝန်ဆောင်မှုအား မိခင် နို့ တိုက်ကျွေးခြင်းနှင့်အညီဖြစ်စေသည့် နောက်ထပ်အချက်အလက်များအတွက် အောက်ပါတို့ကိုဆက်သွယ်ပါ -

**ဩစတြေးလျ မိခင်နို့ ချိုတိုက်ကျွေးရေး အဖွဲ့အစည်း**

အကူအညီလိုင်းနံပါတ် - 1800 686 268

စကားပြန် ဝန်ဆောင်မှု - 13 14 50

အီးမေးလ် - info@breastfeeding.asn.au

အင်တာနက် - www.breastfeeding.asn.au

သင့်အရပ်သုံးဘာသာစကားဖြင့် မိခင် နို့ ချိုတိုက်ကျွေးခြင်းအချက်အလက်စာဆောင်များ၊ မိခင်နို့ တိုက်ကျွေးရေး ရင်းမြစ်များနှင့် အချက်အလက်များကို (02) 6162 2716 ကိုဆက်သွယ်ခြင်းဖြင့်ရ ရှိနိုင်ပါသည်။

HUMAN RIGHTS & DISCRIMINATION COMMISSIONER
ACT Human Rights Commission

Australian Breastfeeding Association

# မိခင်နို့ ချိုတိုက်ကျွေးခြင်းနှင့် ကလေးသူငယ်စောင့်ရှောက်ရေး

## *မိဘများအတွက် အရေးကြီးသော အချက်အလက်များ*

### သင်နှင့် သင့်ကလေးအတွက် သင့်တော်မည့် မည်သည့်နေရာတွင်မဆို သင်မိခင် နို့ ချိုတိုက်ကျွေးနိုင်သည်။ ကလေးသူငယ်စောင့်ရှောက်ေ ရးဝန်ဆောင်မှုကို သင်ရယူနေသည့်အချိန် အပါအဝင်ဖြစ်သည်။

သင့်ကလေး စောင့်ရှောက်မှုခံယူနေစဉ်အတွင်း သင့်ကလေးကို မိခင်နို ချိုဆက်လက်တိုက်ကျွေးနိုင်သည် သို့ မဟုတ် ညှစ်ထုတ်ထားသောမိခင်နို့ ကို တိုက်ကျွေးနိုင်သည်။

သင်မိခင်နို့ တိုက်ကျွေးနေသည့် အကြောင်းရင်းကြောင့် သင့်အား ကလေးသူငယ်စောင့်ရှောက်ရေးဝန်ဆောင်မှုပေးသူတစ်ဦးမှ မမျှမတဆက်ဆံပါက တရားဥပဒေနှင့်ဆန့် ကျင်ရာရောက်သည်။

### သင့်မိခင်နို့ တိုက်ကျွေးရန် အခွင့်အရေးနှင့်ပတ်သက်ပြီး နောက်ထပ်အချက်အလက်များ လိုအပ်ပါက သို့ မဟုတ် သင်မမျှမတဆက်ဆံခံရသည်ဟု ထင်ပါက အောက်ပါတို့ကို ဆက်သွယ်ပါ -

ACT လူ့ အခွင့်အရေးကော်မရှင်

ဖုန်း - (02) 6205 2222

စကားပြန်ဝန်ဆောင်မှု - 13 14 50

အီးမေလ်း - human.rights@act.gov.au

အင်တာနက် - www.hrc.act.gov.au



### သင့်ကလေးသူငယ်ဝန်ဆောင်မှု ထောက်ပံ့သူသည် -

- သင့်ကလေးက မိခင်နို့ ချိုတိုက်ကျွေးခံနေရသည့် အကြောင်းရင်းကြောင့် ကလေးသူငယ်စောင့်ရှောက်မှုခံယူရန် နေရာတစ်ခုလျှောက်ထားခြင်းကို ငြင်းဆန်၍ မရ သို့ မဟုတ် သင့်အား နေရာတစ်ခုမပေး၍ မရပါ။
- သင့်ကလေး စောင့်ရှောက်မှုစတင်ခံယူနေစဉ် သင့်အား မိခင်နို့ ချိုတက်ကျွေးခြင်းကို ရပ်တန့် ခိုင်း၍ မရပါ။
- ပရဝဏ်အတွင်း မိခင်နို့ ချိုတိုက်ကျွေးခွင့်ပြုရမည် သို့ မဟုတ် မိခင်နို့ ညှစ်ထုတ်ခွင့်ပြုရမည်။
- သင့်ကလေးအား ညှစ်ထုတ်ထားသော မိခင်နို့ ချိုတိုက်ကျွေးခြင်းကို ငြင်းဆန်၍ မရပါ သို့ မဟုတ်
- သင့်ကလေး စောင့်ရှောက်မှုကိုခံယူနေစဉ် သင့်အား မိခင်နို့ ချိုဆက်လက်တိုက်ကျွေးရန် သို့ မဟုတ် ညှစ်ထုတ်ထားသော မိခင်နို့ ကိုတိုက်ကျွေးရန် အားပေးတိုက်တွန်းရမည်ဖြစ်သည်။
- မိခင်နို့ ချိုတိုက်ကျွေးခွင့်ကို *ACT မမျှမတဆက်ဆံရေး အက်ဥပဒေ 1991* အရ အကာအကွယ်ပေးထားသည်။ နေ့ ဘက်စောင့်ရှောက်ရေး၊ လိုအပ်သည့်အချိန် စောင့်ရှောက်ရေး၊ စောင့်ရှောက်ပေးသူအိမ်တွင်ထားရှိစောင်ရှောက်ရေး၊ သို့မဟုတ် အိမ်တိုင်ရာရောက်စောင့်ရှောက်ရေးတို့ အပါအဝင် ဤဥပဒေအား ကလေးသူငယ်စောင့်ရှောက်မှုတိုင်းသည် လိုက်နာရပါမည်။ ဝန်ဆောင်မှုပေးခြင်းသည် အမြတ်အစွန်းအတွက် မရည်ရွယ်သော ဝန်ဆောင်မှုဖြစ်လျှင်သော်လည်းကောင်း၊ အမြတ်အစွန်းအတွက် ရည်ရွယ်သော ဝန်ဆောင်မှုဖြစ်လျှင်သော်လည်းကောင်း လိုက်နာရမည်ဖြစ်သည်။

သင့်ကလေးသည် စောင့်ရှောက်မှုကိုစတင်ခံယူစဉ် သင့်ကလေးငယ်စောင့်ရှောက်ရေး ဝန်ဆောင်မှုနှင့်အတူ သင့်ကလေးအား မိခင်နို့ချိုဆက်လက်တိုက်ကျွေးခြင်းအား အကူအညီပေးရန် သင်သည် အစီအစဉ်ချမှတ်နိုင်ရပါမည်။

ဩစတြေးလျှမိခင်နို့ချိုတိုက်ကျွေးခြင်းအဖွဲ့အစည်း (ABA) ဝဘ်ဆိုက်မှတဆင့် ဩစတြေး လျမိခင်နို့ချိုတိုက်ကျွေးခြင်းအဖွဲ့အစည်း၏ လက်ကမ်းစားစောင် "A Caregiver's Guide to the Breastfed Baby" အား သင်ဒေါင်းလုတ်ဆွဲယူနိုင်ပါသည်။ ဤလက်ကမ်းစားစောင်တွင် ညှစ်ထုတ်ထားသော မိခင်နို့ ချိုများကို မည်ကဲ့သို့ သိုလှောင်၊ကိုင်တွယ်ပြီး ကလေးငယ်များကို တိုက်ကျွေးရမည် ဆိုသည်များကို ရှင်းပြထားသည်။ဩစတြေးလျ မိခင်နို့ ချိုတိုက်ကျွေးရေး အဖွဲ့ အစည်းတွင် မိခင်များနှင့် ကလေးစောင့်ရှောက်သူများအား ၄င်းတို့ သိလိုသမျှကို ကူညီဖြေကြားပေးနိုင်သော မိခင်နို့ ချိုတိုက်ကျွေးရေး အကြံပေးများ ရှိပြီး မိခင်နို့ ချိုတိုက်ကျွေးခြင်းနှင့် စပ်လျဉ်းသည့် ခေါင်းစဉ်အမျိုးမျိုးအတွက် အချက်အလက်များပါရှိသော ဝက်ဘ်ဆိုက်တစ်ခုလည်းရှိသည်။

### သင့်ဝန်ဆောင်မှုအား မိခင်နို့ တိုက်ကျွေးခြင်းနှင့်အညီဖြစ်စေသည့် နောက်ထပ်အချက်အလက်များအတွက် အောက်ပါတို့ကိုဆက်သွယ်ပါ -

**ဩစတြေးလျ မိခင်နို့ ချိုတိုက်ကျွေးရေး အဖွဲ့အစည်း**

အကူအညီလိုင်းနံပါတ် - 1800 686 268

စကားပြန် ဝန်ဆောင်မှု - 13 14 50

အီးမေးလ် - info@breastfeeding.asn.au

အင်တာနက် - www.breastfeeding.asn.au

သင့်အရပ်သုံးဘာသာစကားဖြင့် မိခင်နို ့ ချိုတိုက်ကျွေးခြင်းအချက်အလက်စာစောင်များ၊ မိခင်နို့ တိုက်ကျွေးရေး ရင်းမြစ်များနှင့် အချက်အလက်များကို (02) 6162 2716 ကိုဆက်သွယ်ခြင်းဖြင့်ရရှိနိုင်ပါသည်။

HUMAN RIGHTS & DISCRIMINATION COMMISSIONER
ACT Human Rights Commission

Australian Breastfeeding Association